For media inquiries, please contact:

Ms. Géraldine Boezio, Office of the Special Representative on Sexual Violence in Conflict

Tel: +1 917 367 3306 Email: geraldine.boezio@un.org

Follow us on social media: @endrapeinwar

မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်ပွဲနည်းဗျူဟာနှင့် နိုင်ငံရေးဖိနှိပ်မှု အဖြစ် ဆက်လက်အသုံးပြုနေခြင်းအား ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ပက်တန် က ပြစ်တင်ရှုံ့ချလိုက်ပြီး၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ၏ အခက်အခဲများကို ဦးတည်ဖြေရှင်း၍ ၎င်းတို့၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းက ထပ်လောင်းအာရုံစိုက်၍ အရေးပေါ်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

ချက်ချင်း ဖြန့်ဝေရန် – သတင်းထုတ်ပြန်ချက်

နယူးယောက်၊ ဖေဖော်ဝါရီ ၃ ရက်၊ ၂၀၂၅ – မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်ထားသော အစိုးရ ထံမှ စစ်တပ်က အာဏာသိမ်းယူ၍၊ နိုင်ငံအား ရှုပ်ထွေးမှုများအတွင်း တွန်းပို့ခဲ့ပြီး ၄ နှစ်တာ ကြာမြင့်ခဲ့ချိန်တွင် မြန်မာနိုင်ငံတစ်ဝှမ်း၌ အရပ်သားများအပေါ် မုဒိမ်းမှုနှင့် အခြားသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်ပွဲနည်းဗျူဟာ၊ နိုင်ငံရေးဖိနှိပ်မှု နှင့် ရပ်ရွာလူထုအား အပြစ်ပေးရန်နှင့် ခြိမ်းခြောက်ရန် နည်းဗျူဟာအဖြစ် ဆက်လက်အသုံးပြုနေခြင်းအား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ 'ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု' ဆိုင်ရာ အထူးကိုယ်စားလှယ် မစ်စ် ပရာမီလာ ပက်တန် က ပြင်းထန်စွာ ပြစ်တင်ရှုံ့ချလိုက်သည်။

စစ်တပ် အာဏာသိမ်းခဲ့ချိန်မှစ၍ အမျိုးသမီးများနှင့် ကလေးများ အပါအဝင် မတူကွဲပြားသော လူမျိုးစုများ၊ ဘာသာဝင်များနှင့်၊ ကျားမရေးရာကွဲပြားမှုရှိသူများ၊ အရပ်သားများသည် သတ်ဖြတ်ခံရခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ညှင်းပမ်းနှိပ်စက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းနှင့် အခြားအနိုင်အထက်ပြုကျင့်ခြင်းများကို ခံစားခဲ့ကြရသည်။ မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များနှင့် ၎င်းတို့၏ ဆက်စပ်အဖွဲ့အစည်းများသည် ၎င်းတို့၏ မြေပြင်စစ်ဆင်ရေးများ၊ ကျေးရွာများသို့ စီးနင်းတိုက်ခိုက်မှုများ၊ စစ်ဆေးရေးဂိတ်များနှင့် ဖမ်းဆီးထိန်းသိမ်းသည့်နေရာများတွင်၊ အမျိုးသမီးများနှင့် ကလေးများအပြင်၊ အမျိုးသားများနှင့် LGBTQIများကိုပါ၊ မုဒိမ်းမှုနှင့် အုပ်စုလိုက်မုဒိမ်းမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေကြောင်း ထိတ်လန့်ဖွယ်၊ အစဉ်မပြတ်တိုင်ကြားမှုများရှိနေခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၊ ဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းထားခြင်းတို့နှင့် ဆက်နွယ်နေသည့် မုဒိမ်းမှုနှင့် အုပ်စုလိုက်မုဒိမ်းမှုများ အပါအဝင်၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှု ကျူးလွန်သောအထောက်အထားများကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးမှုယန္တရားက စုဆောင်းရရှိထားကြောင်း၊ ၂၀၂၄ ဇူလိုင်လတွင် အစီရင်ခံတင်ပြခဲ့သည်။ ပို၍ အရှိန်မြင့်လာသော ပဋိပက္ခများ

ကၢကြာမြင့်စွာရှိနေခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပွားမှုအနေအထားကို ပိုမိုဆိုးရွားလာစေပြီး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးအင်အားစုများမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုင်ကြားချက်များလည်း စိတ်မချမ်းမြေ့ဖွယ် ပေါ်ထွက်လာခဲ့သည်။

အရှိန်မြင့်မားလာသောပဋိပက္ခများ၊ ဆင်းရဲချို့တဲ့မှုများ၊ စားနပ်ရိက္ခာ မလုံလောက်မှု နှင့် အတင်းအကျပ် စစ်မှုထမ်းစေခြင်းများကြောင့်၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်သက်ဆိုင်သော သတင်းပေးပို့မှုများ များပြားလာသကဲ့သို့၊ အမျိုးသမီးများနှင့် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ရန် သို့မဟုတ် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုများ အပါအဝင် သတင်းပို့တိုင်ကြားခြင်းများ တိုးမြင့် လာခဲ့သည်။ ရခိုင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့်၊ ရိုဟင်ဂျာ အမျိုးသမီးများနှင့် ကလေးများ မုဒိမ်းကျင့်ခံရမှုနှင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးစဉ် လူကုန်ကူးခံရမှု အစီရင်ခံစာများ ရရှိခဲ့ သည်။

မြန်မာစစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေဖြင့်၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို လိုက်နာရန် တာဝန်ရှိကြသည့်အလျောက်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် လုပ်ဆောင်မှုအားလုံးကို ချက်ချင်း ရပ်တန့်ကြရန် အထူးကိုယ်စားလှယ် ပက်တန် က အရေးတကြီး တောင်းဆိုလိုက်သည်။ *“လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရာဇဝတ်မှုများအား တားဆီးကာကွယ်နိုင်ရန်အတွက်၊ ထိုရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကျူးလွန်ခဲ့သူများအပေါ် ထိရောက်သော အရေးယူမှုများပြုလုပ်ပြီး၊ ၎င်းတို့အနေဖြင့် တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းစေရန် မဖြစ်မနေ လိုအပ်သည်။” “လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားခဲ့ရသောရှင်သန်ကျန်ရစ်သူများအား ပြစ်တင်နှိမ်ချ ခံနေရခြင်းမှ၊ အကြမ်းဖက်မှုကျူးလွန်သူများသာ ကဲ့ရဲ့ပြစ်တင်ခံရခြင်းဆီသို့ ပြောင်းလဲလာစေရေးအတွက်၊ ပြစ်ဒဏ်ကင်းလွတ်ခွင့် သံသရာကို ဖြတ်တောက်ရန်မှာ အရေးပေါ်လုပ်ဆောင်သင့်သော ကိစ္စရပ်ဖြစ်သည်။” ဟု* အထူး ကိုယ်စားလှယ် ပက်တန် က ပြောကြားသည်။ အထွေထွေအတွင်းရေးမှူးချုပ်၏ ‘ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု(CRSV)ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ’ နောက်ဆက်တွဲများတွင် မြန်မာစစ်တပ်သည် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ ကျူးလွန်ကြောင်း၊ ခိုင်မာမှုရှိသည့် သံသယဖြစ်ဖွယ် အဖွဲ့အစည်းအဖြစ်၊ ၂၀၁၇ခုနှစ် ကတည်းကပင် စာရင်းသွင်း ပါဝင်နေခဲ့ကြောင်း အထူးကိုယ်စားလှယ် ပက်တန် က ပြန်လည်သတိပေး ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်ခဲ့သူများ သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ မျိုးဆက်ပွားမှုဆိုင်ရာနှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ကို ဆက်လက်ခံစားနေကြရပြီး၊အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့်နယ်မြေများတွင် ဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုများ လက်လှမ်းမီရယူနိုင်ရေးအတွက်၊ အတားအဆီး၊ ကန့်သတ်မှုများ အလွန်အမင်း တွေ့ကြုံနေကြရပါသည်။ *“ရှင်သန်လွတ်မြောက်လာသူအားလုံးအတွက် ၎င်းတို့၏ဘဝများကိုပြန်လည်ထူထောင်*

နိုင်စေရန်၊ မဖြစ်မနေ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ၊ အသက်မွေးမှုနှင့် လူမှုစီးပွားရေး ဆိုင်ရာကူညီပံ့ပိုးမှုများ လုံလောက်စွာ ရရှိနိုင်ရန်

အလွန် အရေးကြီးပါသည်။” “ရှင်သန်လွတ်မြောက်လာသူများ၏ ဂုဏ်သိက္ခာ၊ ဘေးကင်းလုံခြုံမှုနှင့် ပြန်လည်ကုစားသက်သာနိုင်မှုတို့မှာ အရေးအကြီးဆုံး ဖြစ်ပါသည်။ ရှင်သန်လွတ်မြောက်လာသူများ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာနှင့် ဒေသတွင်းမှ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုများကို ကျွန်ုပ်က တောင်းဆိုလိုက်ပါသည်။” ဟု အထူးကိုယ်စားလှယ် ပက်တန် က ပြောကြားသည်။

မိမိ၏ပုဂ္ဂိုလ်ရေးအရ အန္တရာယ်အများအပြား ကြုံတွေ့နေရသည့်ကြားမှပင်၊ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများနှင့် ထိခိုက်ခံစားရနေသော ရပ်ရွာလူထုတို့အတွက် ရှေ့တန်းမှ ကူညီပံ့ပိုးပေးနေကြပြီး၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းအပေါ် ပြစ်တင်နှိမ်ချမှုများကို ကိုင်တွယ်ဖြေရှင်း၍၊ ကျားမရေးရာ ခွဲခြားဆက်ဆံမှုများ ကို တိုက်ဖျက်နေကြသည့်၊ မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး နှင့် ဒေသခံ အဖွဲ့အစည်းများ၏ သတ္တိရှိမှု နှင့် ကြံ့ကြံ့ခံနိုင်မှု တို့ကို ချီးကျူးဂုဏ်ပြုကြောင်း အထူးကိုယ်စားလှယ် ပက်တန်ပြောကြားပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အားလုံးသို့ ထိန်းသိမ်းဆောင်ရွက်မှုအမြင့်ဆုံးထားရှိရန်၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာကြရန်နှင့်၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုများ ကျူးလွန်ရန် ထပ်မံလှုံ့ဆော်မှုများအား တားဆီးကာကွယ်ကြရန် နှိုးဆော်တိုက်တွန်းချက်အတိုင်း၊ အထူးကိုယ်စားလှယ် ပက်တန် က ထပ်ဆင့်၍ တိုက်တွန်းနှိုးဆော်ပါသည်။

မီဒီယာများမှ မေးမြန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Ms. Géraldine Boezio, Office of the Special Representative on Sexual Violence in Conflict

(ပဋိပက္ခ အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး)

Tel: +1 917 367 3306 Email: geraldine.boezio@un.org

Follow us on social media: @endrapeinwar

Viewed using Just Read